ဝီကီပီးဒီးယား
အခမဲ့လွတ်လပ်စွယ်စုံကျမ်း

ဝီကီပီးဒီးယား

# စားပွဲထိုး


မီယာမီ ကမ်းခြေမှ စားပွဲထိုးမယ် တစ်ဦး ၁၉၇၃ ခုနှစ်

**စားပွဲထိုး** ဆိုသည်မှာ တခါတရံတွင် ကိုယ်ပိုင်အိမ်များတွင်လည်းကောင်း၊ စားသောက်ဆိုင် သို့မဟုတ် ဘားများတွင် အလုပ်လုပ်သောသူများကို ဆိုလိုသည်။ ထိုသူများသည် ရောက်လာသော စားသုံးသူများမှ မှာယူသည့် အစားနှင့် အသောက်များကို ရောင်းချပေးရခြင်းဖြစ်သည်။ ဧည့်သည်များကို အမြဲတမ်းဂရုတစိုက် ဆက်ဆံရခြင်းသည် စားသောက်ဆိုင်ရှိ စားပွဲထိုးတစ်ဦးတွင် ရှိသင့်သော အရေးကြီးသည့် တာဝန်ဖြစ်သည်။ မန်နေဂျာမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို စားပွဲထိုးတိုင်း လိုက်နိုင်ရသည်။ စားပွဲထိုးသည် ယင်းအလုပ်ချိန်ပိုင်းတလျှောက်လုံးတွင် စားစရာများ ချပေးခြင်း၊ ပန်းကန်ခွက်ယောက်များအားဆေးကြော သုတ်သင်ခြင်း၊ စားပွဲများအား သုတ်သင် စီရီခြင်းနှင့် လိုအပ်သော ပစ္စည်းများအား ဖြည့်တင်းခြင်း စသည်အလုပ်များကို လုပ်ငန်းတာဝန်ပေါင်းများစွာကို ထိုစည်းမျဉ်းများနှင်အညီ ပြီးပြည်စုံအောင် လုပ်ကိုင်နိုင်ရမည်ဖြစ်သည်။


အန်ကိုရာမှ ဝန်ထမ်း တစ်ဦး

အမေရိကန်ပြည်ထောင်စု အလုပ်သမားဗျူရို၏ ၂၀၀၈ ခုနှစ် မေလ စစ်တမ်းအရ အမေရိကန်ပြည်ထောင်စုတွင် စားပွဲထိုးအဖြစ်လုပ်ကိုင်သူ ၂.၂ သန်းခန့်ရှိသည်။[၁]

စားသောက်ဆိုင်အများစုသည် ၎င်းဆိုင်ရှိ အလုပ်သမားများအတွက် သတ်မှတ်ထားသော တူညီဝတ်စုံကို ဝတ်ဆင်စေသည်။ စားပွဲထိုးတစ်ယောက်သည် သဒ္ဒါကြေး ဆုငွေ အနည်းအများမဆို ရရှိနိုင်ပြီး ယင်းသည်ပင် ၎င်းတို့ဝင်ငွေတစ်မျိုးဖြစ်သည်။[၂]


ဆမ်ရီယွန် ဘန်ဂီဘောင်း ဟိုတယ်မှ စားပွဲထိုးမယ်၊ မြောက်ကိုရီးယား

## ဝေါဟာရကထာ

အင်္ဂလိပ်ဘာသာ စကားတွင် စားပွဲထိုးကို server, waitress (အမျိုးသမီးများအတွက်သာ), waiter (ယောကျ်ား သို့ အခြားလူပုဂ္ဂိုလ်), wait staff, waitstaff[၃] သို့မဟုတ် serving staff server, waitperson[၄] စသည်ဖြင့် အမျိုးမျိုး ခေါ်ဆိုကြသည်။[၅][၆] [၇]

## လိုအပ်ချက်များ

စားသောက်ဆိုင်တွင် ဝန်ဆောင်မှုပေးသည့် ရာထူးအတွက် စားသောက်ဆိုင်ရှိ အထက်အရာရှိမှ ချုပ်ကိုင်ထားလေ့ရှိသည့် လေ့ကျင့်မှုများ လိုအပ်သည်။ ဝန်ဆောင်မှုပေးသူသည် ဝယ်သူအား ကောင်းမွန်သော ဝန်ဆောင်မှုပေးခြင်း၊ စားစရာ နှင့် သောက်စရာတွင် ပါဝင်သောအရာများအား လေ့လာခြင်း၊ သေသပ်ပြီး နေရာကျသော

အသွင်အပြင်များအား ထိန်းသိမ်းခြင်းများအား လေ့ကျင့်ယူရမည်ဖြစ်သည်။ ကပ္ပတိန်ရာထူးကဲ့သို့ ထိပ်တန်းစားသောက်ဆိုင် ရာထူးမျိုးတွင်မူ တာဝန်များသည် ပြဇာတ်တွင် ကပြရသကဲ့သို့ စည်းကမ်းရှိပြီး ကောင်းမွန်သော အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်သည်။[၈]

## ကိုးကား


1. U.S. Department of Labor - Bureau of Labor Statistics (24 May 2006)။ Occupational Employment and Wages - Waiters and Waitresses (http://www.bls.gov/oes/current/oes353031.htm)။ US Department of Labor။ 2006-12-31 တွင် ပြန်စစ်ပြီး။
2. U.S. Department of Labor - Bureau of Labor Statistics (24 May 2006)။ Occupational Employment and Wages - Waiters and Waitresses (http://www.bls.gov/oes/current/oes353031.htm)။ US Department of Labor။ 2006-12-31 တွင် ပြန်စစ်ပြီး။
3. "Waitstaff." (http://dictionary.reference.com/browse/waitstaff)
4. Waitperson – Definition and More from the Free Mirriam–Webster Dictionary (http://www.merriam-webster.com/dictionary/waitperson)။ *Dictionary and Thesaurus – Mirriam–Westbster Online*။ Mirriam-Webster, Incorporated။ 22 December 2013 တွင် ပြန်စစ်ပြီး။
5. "Waitron." (http://dictionary.reference.com/browse/waitron)
6. Hall, E. J. (1993). "WAITERING/WAITRESSING:: Engendering the Work of Table Servers (https://archive.org/details/sim_gender-society_1993-09_7_3/page/329)". *Gender & Society* **7** (3): 329–346. doi:10.1177/089124393007003002 (https://dx.doi.org/10.1177%2F089124393007003002). ISSN 0891-2432 (http://worldcat.org/issn/0891-2432).
7. Allan, Keith (2007). "The pragmatics of connotation". *Journal of Pragmatics* **39** (6): 1047–1057. doi:10.1016/j.pragma.2006.08.004 (https://dx.doi.org/10.1016%2Fj.pragma.2006.08.004). ISSN 0378-2166 (http://worldcat.org/issn/0378-2166).
8. "Dinner and Deception (https://www.nytimes.com/2015/08/23/opinion/sunday/dinner-and-deception.html)"၊ *The New York Times*၊ August 22, 2015။ August 23, 2015 တွင် ပြန်စစ်ပြီး။ "...as captains or servers or sommeliers, our job wasn't just serving food, it was playing a part...."


## ပြင်ပလင့်ခ်များ

ဝစ်ရှင်နရီ၊ အခမဲ့အဘိဓာန်တွင် *waiter* or *waitress* ကို ရှာဖွေကြည့်ရှုပါ။

ဝီကီမီဒီယာ ကွန်မွန်းစ်တွင် *Waiters* နှင့် ပတ်သက်သော မီဒီယာ ရှိသည်။

"https://my.wikipedia.org/w/index.php?title=စားပွဲထိုး&oldid=716374" မှ ရယူရန်